## ၈။ ပဲဂျပိုးစိမ်း

**Green Stink bug: *Nezara viridula* (Linnaeus, 1758)**

**Hemiptera: Pentatomidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ဥမှပေါက်ကာစအကောင်ငယ်သည် တောက်ပသောအနက်ရောင်ရှိပြီး တဖြည်းဖြည်း အရောင်ဖျော့ကာအကောင်ကြီးအဆင့်ရောက်သောအခါအစိမ်းရောင်ဖြစ်သွားသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အပင်၏အစိမ်းရောင်အသီးနှင့်အစေ့များတွင် ကျရောက်တက်သည်။ အကောင်ကြီး နှင့် ပိုးလောက် ကောင်များသည် အသီးနှင့်အရည်ကိုစုပ်စား သဖြင့်အစေ့အဆန်တည်ရှိမှုကို ထိခိုက်စေသည်။ မှိုရောဂါ (Nematospora) ကိုလည်းကူးစက်စေသည်။ စုပ်စားသော အနာကွက်သည်ပုပ်သွားပြီး အနက်(သို့)အညို ရောင်ပျော့ကွက်များဖြစ်နေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | –(၄–၅)ရက် |
| ပိုးမမည်အဆင့် | –(၂၅–၄၃)ရက် |
| ရုပ်ဖုံးအဆင့် | –(၁၄)ရက် |
| အကောင်ကြီးအဆင့် | –(၁၀)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဥများအားအမြဲမပြတ်လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)ပဲစိုက်ခင်းပတ်ဝန်းကျင်တွင်မုံညှင်း၊နေကြာများအားစိုက်ပျိုးပါ။

(၃)ထိသေ၊စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးအား ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda–cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ဒယ်လ်တာမီသရင် (Deltamethrin)